

ဗျူး ၏ အောင်မြင်ကျော်ကြားသော ဝတ္ထုကို သရုပ်ဖော်ခြင်း




ဟာ...တကယ် ကျိုင်ပါ မေမေရာ... ကိုကြီးကို ဖွတ်လို့ မရဘူးလား
မရလို့ပေါ့ ဆန်းရယ် သားကြီးက ဖအေ့ကိုယ်စား ဟိုသွားရ ဒီလာရနဲ့... ဘယ်မှာ အားတယ် ရှိလို့လဲ... သွားလိုက်နော်... သား... တော်ကြာနောက် ကျနေလို့... မိန်းကလေး တစ်ယောက်တည်း ဒုက္ခ တွေ...ရောက်နေပါ့မယ် ကွယ်...
ဆန်း မျက်နှာ မဲ့ရွဲ့ နေသည်... မျက်နှာ ပေါ်မှာရော... ဥတ် ပေါ်မှာပါ... ဖရိုဖရဲ ဝဲကျနေသည်... ဆံပင်တွေကို နဖူး ပေါ်သပ်တင် လိုက်... နောက်ကို ထိုး မှုလိုက်နှင့်...



သည်ပုံစံကို ကြည့်ပြီး ဒေါ်မေရီဆန်းကပြုံးရင်း..
ကဲပါ သားရယ်.. သား သွားစရာရှိတာ... နောက်တော့ သွားပါ...ခု ဟာက ဟိုက လာမှာ... မိန်းကလေးတစ်ယောက် တည်း...
မြို့ကြီးပြကြီးကို ရောက်ဖူးတာလည်း မဟုတ် ဘူး... သွားကြိုတာ လွဲသွားရင် မတွေးဝံ့စရာမို့ပါ သွား လိုက်နော်...
ကောင်းပြီလေ... ဆန်း သွားကြိုပေးမယ်... ဒါပေမယ့် အပြန်နောက်ကျ ရင်တော့ မဆူနဲ့နော်...
ဟင်. ဘာဖြစ် လို့...နောက်ကျရ မှာလဲ.. ဘာလုပ်မလို့ လဲ... သားရဲ့...


မေမေ့ကို နောက်ပြန် လက်ခါပြခဲ့ပြီး ကားမောင်း
ထွက်လာခဲ့သည်... ဒီနေ့ လင်းလဲ့ နဲ့ ချိန်းထားသည်မို့
အထူး စိတ်စောနေမိကာမှ... မေမေ ရယ်ချလိုက်တာ...
အားလုံး ရှုပ်ကုန်ပြီ...
မကြာခင် အချိန်လေးမှာပင် အဖြူရောင်
ဆူပါဆလွန်းကားလေးက အဝေးပြေးဂိတ်
ဝန်းကြီးထဲ... ကွေ့ဝင်လာခဲ့သည်... ...
တွေ့ပြီ... ရွှေမန်းသူ ဆိုသည့်
အဝေးပြေး ကားကြီး... ...


ဆန်း ကားပေါ်ကနေ အတန်ကြာ လှမ်းကြည့် နေပြီး မှ...အောက်ဆင်း ဖြစ် လိုက်သည်... ... ...
မေမေက သေချာ ပြောလိုက်ပေမယ့် နာမည်မပါ... ပြဿနာပဲ...နာမည် မေးခဲ့ဖို့ ဘာဖြစ်လို့ မှား...မေ့ရတာလဲ ဦးခေါင်း...
နောက်ကျော ဆံတောက်ကိုင်း လေးနဲ့ဆိုတော့ အများထဲမှာ ထင်းနေမှာပါ... ထမီ အနီလေးဝတ် လာမယ်တဲ့... နှုတ်ခမ်းထောင့် မေးဖျားမှာ မှဲ့နက်ကလေးတစ်လုံး ရှိတယ်ဆိုတော့...
သား... အလွတ်တကူ တွေ့မှာပါ...
မေမေ... မေမေ ကောင်မလေး က...နာမည် ဘယ်သူတဲ့လဲ ရွှေမန်းသူကို တွေ့တယ် ဘယ်ကောင်မလေးမှ မပါဘူး...


ရွှေမန်းသူ ရောက်နေပြီ
ဟုတ်လား အမလေး ဒုက္ခပါပဲ...
ဘယ်မှာ ရောက်သွားပြီလဲ မသိဘူး
နှာမည်က ကောင်မလေး လေ
"သားရဲ့... ဒီလောက် ဖုန်းမှာ ခေါ်
ပြောနေတာ မကြားဘူး
လား...
ဗျာ... ဘယ်လို
မေမေ ကောင်မလေး
ဟုတ်လား အဲ့ဒါ...
နှာမည်လား...
ဟုတ်တယ် သားရယ်
ကောင်မလေးတဲ့ ကောင်မလေး...
အခု ကားပေါ်မှာ မတွေ့မိဘူးလား
ကားသမားတွေကို မေးကြည့်ပါဦး
သားရဲ့... ပါမလာဘူးလား... ပါလာ
သလား သိရအောင်...
မေမေ့ စကားကြောင့် သန်း...ကားကြီး
ဆီ... ပြန်ကြည့်လိုက်မိတော့ ကားကြီး
ထဲမှ... ခေါင်းလေးတစ်လုံး ပြူတင်းပေါက်
တစ်ခုမှာ... တစ်စစ ကြွတက်လာသည်ကို
လှမ်းမြင်လိုက်ရသည်...


ခေါင်းလေးက မျက်လုံးလေး နှစ်လုံးထိ ပေါ်လာကာ အပြင်ဘက်ကို ဦးကြောင် ဦးမှက် ကြည့်နေတာ ဖြစ်သည်..
ထိုစဉ် သူ့ မျက်လုံးများ နှင့် ဆုံမိလိုက်ကာ ခေါင်းကလေး မြုပ်ခနဲ ပုဝင်ကာ... ပျောက်ကွယ် သွားလေသည်... ...
ဆန်း ကားကြီးနားကို တိုးကပ် သွားကာ... ကားဝမ်းထဲကို အမိ အရ ရှာဖွေသည်...
ဘာရှာတာလဲ အစ်ကို...
ကားပေါ်မှာ လူတစ်ယောက်ကျန် သေးတယ် မဟုတ် လား...
ဗျာ... ဆင်းကျန် ကြပြီ မဟုတ်လား အစ်ကိုက ဧည့်သည် လာကြိုတာလား...
ဟုတ်တယ် ကောင်မလေးဆိုတာ ဒီကားပေါ်မှာပါတယ် မဟုတ်လား...


စပယ်ယာက...လူ တစ်ယောက်မှ မရှိတော့သည့် ကားနောက်ထဲကို လှမ်းကြည့်ရင်း ဆိုးစားသလို လုပ်သည်...
ကောင်မလေး ဟုတ်တယ်... ဟုတ်တယ် ပါတယ် တောသူ ဆံပင်လေး နဲ့... အဲဒီ ကောင်မလေး ဆင်းသွားပြီ မဟုတ်လား..
မဆင်းသေးဘူး... ကိုယ်ခဏရှာမယ် နော်...
ထင်သည့် အတိုင်းပင် ခုံကြားထဲ မှာ... ဒူးနှစ်လုံးကို ဖက်ရင်း... ကုပ်ကုပ်ကလေး ပုန်းကွယ်နေ သည့် မိန်းကလေး တစ်ယောက် ကို... မြင်လိုက်ရသည်...
ခုနက ပြောရင်းမှ... ခေါင်းကလေးကို လှမ်းမြင် လိုက်ရသည့် နေရာလောက် ကို... တန်းသွားလိုက်သည်...
အမလေး...


သူ့အသံ ကြားသည်နှင့် ကောင်မလေး ဆတ်ခနဲ တုန်သွားကာ..မျက်တောင် ရှည်... ကော့ကော့ကြီးတွေ ဝိုင်းရံ နေသည့် မျက်ဝန်းစုံက... ကျွတ် ထွက်မတတ် ပြူးကျယ်သွား၏...
ထစမ်း...
ဟိုက် ထလို့ပြောနေ တာ...မကြားဘူး လား...
ကောင်မလေးက သူ့မှာ သားရေအိတ်လေးကို ဆွဲပိုက်လျက် ကတုန်ကယင်လေး ထရပ်ရှာ သည်...
မင်းက စံကိုင်းက... ဒေါ်မြမြလေးရဲ့ သမီး... ကောင်မလေး မဟုတ် လား...
ရှင်... ဟုတ်...


လာခဲ့...အဲဒီ လောက် ထူရင် စိတ်က သိပ်ရှည်လို့ မရ တော့ဘူး...
စိတ်မရှည်စွာ ကောင်မလေး လက်ကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ကာ... ကားနားထိ မလွှတ်တမ်း ဆွဲချလာခဲ့သည်..
နောက်တော့ တံခါးဖွင့် ကောင်မလေးကို တွန်းထည့်... တံခါး ပြန်ပိတ်ပြီး ရှေ့ခန်းမှာ ပြန်ထိုင်ကာ...မောင်း ထွက်လာခဲ့သည်...
ကောင်မလေး ပုံစံကို ကြည့်ရင်းမှ... အိမ်ခေါ် မသွားဘဲ ပြတိုက်ပို့ပစ် ဖို့သာ ကောင်းတော့သည်ဟု... စိတ်ထဲက ပြောမိသည်... ...


ကားပေါ် ရောက်ကတည်း
က... မျက်လုံး စုံမှိတ်လျ...
ပါးစပ်က... ပွစိ ပွစိနှင့်
ဘာတွေ ရွတ်ဖတ်နေ
မှန်း မသိသော...
ကောင်မလေး...
× × × ◦ ◦ × × × × ◦ ◦ ◦ × × ×
ကားရပ်သွား
သည်နှင့်...ရွတ်
ဖတ်နေတာတွေ
လည်းရပ် မျက်လုံး
တွေလည်း ပွင့်
လာကာ...
ပတ်ဝန်းကျင်ကို
ပြူး၍ကြည့်သည်
ကောင်မလေး
မင်း ဒီမှာ ခဏနေခဲ့
ဦး...ကြားလား...
ရှင်...
ငါ ပန်းခြံထဲ
ဝင်စရာရှိလို့ မင်း
ဘာစားထားလဲ...
ရှင်...
ဘာစားထားလဲလို့
မေးတာကွ တရှင်ရှင်
နဲ့...
ဟို... ဟို...
ဘာမှ မစားခဲ့
ပါဘူး...


ဒါဆို ငါလာရင် မုန့် တစ်ခုခု ဝယ်လာခဲ့မယ်... သိပ်မကြာဘူး နာရီဝက် လောက်ပဲ သိလား... တံခါး လော့... ပိတ်ခဲ့မယ်...
ပြောပြီး ပလက်ဖောင်းပေါ် ပြေး တက်သွားသည့် သူ့ကို ကောင်မလေး အငေးသား ကြည့်နေမိသည်...
တကယ်ဆို လူတွေ ကားတွေ ထယ်ညပ် ရှုပ်ယှက်ခတ်နေသော ရန်ကုန်မြို့ကြီး ကို... ရုပ်ရှင် ဗီဒီယိုတွေထဲမှာ ကြည့်ဖူးတာနှင့်ပင်... ကောင်မလေး ကျော့ချမ်းခဲ့တဲ့ သူပါ...
အမေ ဆိုတာ ဖြူသလား မည်းသလား မသိ... အမေက သူမ လက်ပေါ်မှာပဲ ဆုံးသွားခဲ့သည်...


ညည်းအမေ မှာခဲ့တဲ့အတိုင်း ရန်ကုန်က သူဌေးတွေ ဆီကို သွား နေဖို့သာ...စဉ်းစားပေတော့ ကောင်မလေးရေ... ငါတို့ကလည်း အဒေါ်သားချင်း ဆိုပေမယ့် ကိုယ့်မိသားစုနဲ့ကိုယ်တောင်... မတတ်တပ် အိပ်နေရတာ ညည်း အသိပဲ..
ပြီးတော့ ညည်းအမေက ညည်းကို ပညာတတ်ကြီး ဖြစ်စေချင်တာ...လင် မရှိတဲ့နဲ့တောင် ကြုံသလို ကျသလို ရှာဖွေ ရုန်းကန်ပြီး ဆယ်တန်း အောင်အောင် ထားပေးခဲ့တာ ကြည့်လေ... မဆုံးခင်ကလည်း တဖွဖွ မှာသွားတာ...ညည်းကို ရန်ကုန်ပို့ပေးဖို့ပဲ...
ကောင်မလေး မသွားချင်ဘူး ဒေါ်လေးရေ ရယ်... အမေ ခေါင်းချခဲ့တဲ့ ဒီနေရာလေးကို မခွဲ ချင်ဘူး...
ဟဲ့.. မသွားလို့ ရမလား ဒီမှာ ညည်း ဘယ်သူ့ကို အားကိုးမလဲ ငါက ကလေးတွေ တစ်ပြုံ ကြီးနဲ့...
၁၃


နောက်ပြီးတော့ မအေ သေတယ်ဆို ကောင်မလေးကို ခိုင်းစားတာပဲ.. ကျောင်းတောင် မနေရ တော့ဘူးဆိုတာတွေက... ပြောလာကြ ဦးမယ်...ရန်ကုန်မှာ ညည်းကို အိမ်ဖော် လုပ်ဖို့ ခေါ်တာ မဟုတ်ဘူးအေ့...
ဟိုက ညည်းအမေရဲ့ သူငယ်ချင်း... ညည်းကို မွေးစားဖို့ခေါ်တာ ဘာများ ဂုဏ်ငယ်စရာ ရှိလဲ...
လိပ်စာအတိုင်း ငါတို့ သေသေချာချာ အကြောင်း ကြားထားပြီးပြီ... ဟိုက... အကြောင်းပြန်ချက်ရလို့... ညည်းကို တစ်ယောက် တည်း ခေါ်တာ...
အဲဒီကားဂိတ်ဆုံး တာနဲ့ ညည်းကို သူတို့ လာခေါ်ကြမှာ.. တကယ် လို့...ကြိုတဲ့လူနဲ့ မတွေ့ ရင်... အဲဒီကားကိုပဲ ပြန်စီးလာခဲ့..


ရန်ကုန်ကို သွားရမည့်နေ့ ကျတော့...
နေရာတကာ မနဲ့နဲ့ ကောင်မလေး ကြောက်စရာလည်း မလိုဘူး... ရန်ကုန်မှာ လူဆိုးတွေ ချည်း ရှိတာ မဟုတ်ပါဘူးအေ...
ကူညီတတ်တဲ့ လူကောင်း သူကောင်းတွေ လည်း ရှိပါတယ်...အဓိက က...ကိုယ့်လက်ထဲ ပိုက်ဆံ ရှိဖို့ပဲ...
ငွေငါးထောင်ကို ကျစ်နေအောင် လိပ်၍... လက်ထဲ ထည့်ပေးရင်း ဒေါ်လေးမေ ပြောတော့... ကောင်မလေး ငိုမိသည်... ...
ကားထွက်လို့ ဒေါ်လေးမေ လက်ကို လွှတ်လိုက်ရသည့် ခဏမှာတော့... နက်ရှိုင်းသည့် ချောက်ကမ်းပါးကြီးထဲကို... ဦးစိုက်ကျွမ်းပြန် ကျသွားသလိုပါပဲ...


ငုတ်တုတ်မေ့နေသလို အတွေးလွန်နေသည့် ကောင်မလေး ကျောလေးပင်... ကော့တက်သွားရှာ တာကို... ဆန်းက မချေ မနပ်... ငုံ့ကြည့်ရင်း...
ဘယ်လိုဖြစ်နေတာလဲ သဂျိုင်း ပြည်ရောက် နေတယ်များ မှတ်နေ လား...
ဟိုဟိုဒီဒီ လုပ် မနေနဲ့ ရော့ ဟမ်ဘာဂါ ပဲ...ရတယ်... အဲဒီဘား... မင်းကို ဆိုင်မှာကျွေး ချင် ပါတယ် ဒါပေမဲ့...
မင်းပုံစံနဲ့ဒေါ်တွတ် သွားဖို့ မလွယ်ဘူး အဟင်း ဆောရီး ပါ...
မဟုတ်ပါဘူး ဟို...
ဆန်း ဘာကိုပြောနေတာမှန်း နားလည်အောင် ကြိုးစားရင်း ကောင်မလေး မျက်တောင်ရှည်တွေ တဖျတ်ဖျတ် ခတ်နေလိုက်တာ ကလေးငယ်လေးသဖွယ်..


ဖြစ်ရလေ ဆန်းဂျယ် ရှော့သည် သွားကြိုရင်းနဲ့... ဂျည်းတားနဲ့ ချိန်းတွေ့ရတယ်လို့ ဖအေက စိတ်တွေမှုပြီး... နောက်က လိုက်သွားပြီး... သိမှားသိသွားရင် မိုးမီးလောင်တာထက် ဆိုး ဦးမယ်
မေမေ့ကို ဆန်း ပြောသွားသား ပဲ... နောက်ကျရင် မပူနဲ့လို့...
ဟဲ့... နည်းနည်း ပါးပါး နောက်ကျတာမှ မဟုတ်တော့တာ...
ဘာဖြစ်မှာမို့လို့လဲ မေမေရ... ဒီလောက်နဲ့ ဒီလောက်လေး သွားတာကို ကြံဖန် ပူနေတာ...
ညီနော်... စကား ပြောတာ မေမေ့ကိုမလေး မစားနဲ့... မင်းကိုပူတာဘော့ ဘယ်ဟုတ်မလဲကွ... ဟို ကောင်မလေးနဲ့ တွဲပြီး ဘာတွေဖြစ်ပျက်ကုန် ပြီလဲလို့ တွေးပူ တာပေါ့...
ဆန်းက နှုတ်ဆိမ်း မသိမသာ ရှုံ့ချ ကောင်မလေးကို ကြည့်သည်...
ဒီပုံကြီးလား တခြားရောက် သွားမှာ...


သူ့ကို ပြောနေရတာနဲ့ ဒီမှာ ကောင်မလေး ကိုမေးမယ့် ဟာတောင် သတိမရတော့ဘူး သမီးနာမည်က ကောင်မလေး အပြင် ဒီပြင်နာမည် မရှိ ဘူးလား...
ဟုတ်ကဲ့..
ဟင်... ဘာဟုတ်ကဲ့ လဲ..
ဟုတ်... ဟုတ်တယ်လို့ ပြောတာပါ...
ဘာကို ဟုတ်တာလဲ သမီးရဲ့..
ဖေ ဖေက ဦးဦး ပေးတာလေ အဲ... အဲဒီ...
ကောင်မလေး အမှုအယာကို ကြည့်ပြီး ဒေါ်မေရီခင်း ပြုံးမိသွားလေ သည်... ...


သမီးက… ကြောက်နေတာထင်တယ်… ဒီလူတွေကို ကိုယ့်မိဘ ကိုယ့်အစ်ကိုတွေလို့ သဘောထားရမှာ နောက်ဆို လက်ရည်တစ်ပြင်တည်း… အတူနေသွားကြရမှာလေ…
သားကြီး နာမည်က ဆန်းခက်ကောင်း… သားငယ် နာမည်က…
ဟုတ်ကဲ့ ကြီးကြီး…
ထူးထူးဆန်းတဲ့ ကိုကိုကြီး ကိုကိုလေး လို့… ခေါ်ပေါ့…
အန်တီ့ကို သမီးက မေမေလို့ပဲ ခေါ်ရမယ်… မေမေက သမီး မရှိတော့ 'လေး' ဆုံးသွားပြီး သမီးလေး ကျန်ခဲ့တယ်လို့… အကြောင်းကြားစာရကတည်းက အရမ်းကို ခေါ်ချင်ခဲ့တာ…
လေး နဲ့မေမေ အဆက်အသွယ်တွေ ပြတ်နေခဲ့တာ… ကြာပါပြီ… သူ အဲဒီဘက်မှာ စက်မြို့ နေသွားတာကို… လုံးဝ မသိခဲ့ဘူး…


ဒါပေမယ့် သူ မေမေ့ကို မမေ့လို့သာ သူမဆုံးခင် မှာသွား ခဲ့လို့ ကျန်ခဲ့တဲ့ သူတွေက အကြောင်းကြား ခိုင်းခဲ့တာပေါ့... သမီးလေးကို ခေါ်ခွင့်ရခဲ့တာပဲ... သူတို့တွေကို ကျေးဇူးတင်ရဦးမှာ...
သမီးက ညိုညက်ညက် လေးဆိုတော့... ဖအေတူတာ ဖြစ်မယ်... လေးက ဖြူနုအိစက် ပြီး... အချမ်းလှတာ ဒါပေမယ့် သမီးက နှုတ်ခမ်းတွေ စူညိုပြီး ထောင့်ချိုးညီနေတာ အားလုံး လေးနဲ့ တစ်ထပ်တည်း ပဲ...
ကြီးကြီး... အဲ... မေ့..မေမေက အဖေ့ ကို..မြင်ဖူးတာပေါ့ နော်..
ကောင်မလေး အားတက်သရော မေး လိုက်တော့... ဒေါ်မေရီဆန်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်...
အင်း... သူတို့ မင်္ဂလာဆောင် ဓါတ်ပုံထဲမှာ မြင်ဖူးလိုက်တာပါ.. ဥလောက် ဆို...မြင်တာတောင် မှတ်မိ မယ် မထင်တော့ဘူး.. သမီးက...သမီး အဖေကို မမြင်ဖူးဘူးလား...


ဒီလို မေးလိုက်တော့ ကောင်မလေး မျက်နှာက ဝမ်းနည်း အားငယ်စွာ ညှိုးကျ သွားရှာသည်...
အမေက... ကောင်မလေး ငယ်ငယ် ကတည်းက... ဆုံးသွားတာလို့ အမေက ပြောတယ်
အဖေ့ကို ဓါတ်ပုံထောင်မှ မမြင် ဖူး လိုက်ပါဘူး...
အင်း... ကဲပါလေ.. သမီး ဒါတွေ တွေးမနေပါ နဲ့တော့... ဒီမှာ ပျော်ပျော် ရွှင်ရွှင်နေ.. သမီးကို.. မေမေက... တက္ကသိုလ် ဆက်ထားပေးမယ်...
အိမ်မှာလုပ်စရာ ရှိတာလုပ်... ပြောစရာ ရှိတာပြော မိသားစုလိုပဲ တရင်းတနှီး နေရမယ် ကြားလား...
ဟုတ်ကဲ့...



သမီး အတွက် အသုံးအဆောင်ကတော့ မေမေ စဉ်းစားလို့ ရသမျှ.. အခန်းထဲမှာ အားလုံး ထည့်ပေး ပြီးပြီ... အဝတ်အစားကတော့ သမီးလာမှ..ဝယ်လို့ရမှာမို့ ဘာမှ မရှိသေးဘူး...
ဒီတော့... သမီးလေး အတွက် လိုအပ်တာဝယ် ဖို့ မေမေ...ငွေထုတ် ပေးမယ်...
သားယေက ပလာဇာကိုလိုက် ပို့ပေးလိုက်...
ဟာ... မေမေကလည်း ဆန်းသွားကြိုပေး ပြီးပြီပဲ...
ကိုကြီးကို တာဝန်ပေးဦး မှပေါ့...
ငါက မအားဘူးလေကွာ... နောက်ပြီး မင်းက...ကောင်မလေး တွေနဲ့...သွားနေကျပဲ...သူတို့ဝယ်တာ ခြမ်းတာတွေ... မင်းက မျက်စိယဉ် နေပြီ... ဒါကြောင့် မင်းပဲလိုက် ဝယ်ပေးလိုက်...
ဟာဗျာ... ကျွတ်...
ကိုကြီး ပြောလိုက် မှပဲ... ပိုဆိုးကုန် တော့သည်...



ပလာဇာပေါ် ရောက်ကတည်းက ငေးလိုက်တဲ့...အငေးက...ပြင်ပကြိုလ် ဘာသိစုထဲကို ရောက်နေတဲ့အတိုင်း...
ဟိတ်...လာမင်း ဒီလောက်တောင် ငေးရသလား...
ကောင်မလေး ပုံစံကို နှစ်ခါပြန်ကြည့်ကြ လက်တို့ပြကြ ပြုံးတဲ့သူကပြုံး...အသံထွက် ရယ်တဲ့သူက..ရယ်နဲ့ ... ... ...
ကောင်မလေး နင် အထူခံရတော့မယ်နော် နည်းနည်းပါးပါး ကူခြေလေး ဘာလေး ဆောင်ပါဦးလား..
သန်း ဇော်သ ဖြစ်ဖြစ်နှင့်... ကောင်မလေး လက်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲ၍ ခေါ်ရတော့ သည်... ...


ကောင်မလေး ဘာလုပ်မိလို့လဲ ကိုကိုလေးရယ်..
မမေးနဲ့ မျက်နှာကိုဘယ်မှ မလှည့်နဲ့ ငါ့ကျော ဖြင့်ကိုသာ... ... တည့်တည့်ကြည့် ပြီး...လိုက်ခဲ့..
အကျႌ အဝတ်အစားများရောင်း သည့်...နေရာရောက်တော့..
အဲဒီမှာ မင်းကြိုက်တဲ့ အကျႌမှန်သမျှ အကုန်ရွေး ထည့်...ပြည့်သလောက်ဆိုရင် ငါ လာခဲ့မယ်...
လက်တွန်းလှည်းလေး ကပ်ပေးခဲ့တာကို... ကြည့်လိုက် သူ့ကို ကြည့်လိုက်နှင့်... ကောင်မလေး မျက်ရည်ဝဲကျန်ခဲ့ တာကို... ရှုတ်ထား ပစ်ခဲ့မိသည်...
ဘယ့်နှယ်... ဒီလောက်တောင် နုံရ အရ သလား...ဒီပုံစံနဲ့ တက္ကသိုလ် ဆက်တက် ဦးမတဲ့... ပွဲကတော့ ကြည့်ကောင်းဦးမည်..


မယ်...ကိုထူး ပါလား...တစ်ယောက် တည်းပေါ့ ဟုတ်မယ် မထင်ဘူး...
မျက်နှာ ချင်းဆိုင်ကြီး တွေ့လိုက်ရသည်က... ကြီးပြင်း ခဲ့ပြီဖြစ် သည့်.. လေတံခွန်လေး တစ်ခု...
အင်း...ညီမ ဝမ်းကွဲ တစ်ယောက်ကိုလိုက်ပို့တာ လေ... သိမ့် ရော တစ်ယောက် တည်းလား...
ကိုခန့် ပါတယ် သိမ့် ဒီလကျွန်ရှင် ဆေးစပ်တော့မှာ လေ...
ဟုတ်လား ကွန်ကရက်ကျူးလေး ရှင်းပဲ... သိမ့်...


ထိုစဉ်...သိမ့် အနားသို့ လူတစ်ယောက် ရောက်လာ၏...
ကိုထူး...သူက...ကိုမင်းကျော်ခန့် တဲ့...
နိုင်ငံခြားသင်္ဘောမှာ Second Officer လေ... ကိုခန့် သူက... သိမ့်ရဲ့ သူငယ်ချင်း ထူးထူးဆန်း...
ဟုတ်လား တွေ့ရတာ ဝမ်းသာ ပါတယ်ဗျာ...
ဟုတ်ကဲ့ ဝမ်းသာပါတယ် ဗျာ...
ဆန်း...
နောက်ပါးဆီမှ...ကပ်ခေါ်သံ ကြောင့်...လှည့်ကြည့်မိ တာ...တိုက်ဆိုင်မှုကို သူမှာ တအံ့တဩ ဖြစ် မိရသည်... ပန်းရောင်နှင့် သူက...မနေ့ကမှ ချစ်သူ တွေ ဖြစ်သွားကြတာ... ညနေကျမှ...လျှောက် လည်ဖို့...ချိန်းထားကြ တာ...ခုတော့ တိုက်ဆိုင် မှ...ပလာဇာမှာ လာ တွေ့ရတဲ့ အဖြစ်...


ကဲ…သိမ့်တို့ သွားမယ်နော်…
ဪ…အင်း…
ထွက်သွားသော အတွဲကို ကြည့်ပြီး ပန်းရောင်က…
အဲဒါ…ပူ့ အဆက်ဟောင်းကြီး မဟုတ်လား…
မဟုတ်ပါ ဘူး…
မညာပါနဲ့…
မညာပါဘူး သိမ့်မှ မဟောင်းသေး တာ…အလတ်ကြီးပဲရှိ သေးတယ်လေ…စေ့စပ် တော့မယ်ဆိုလို့ ကိုယ် အံ့ဩနေတာ…


အခု... ဘယ်သူနဲ့လာတာလဲ...
ကောင်မလေးနဲ့...
ဟာ...
ဒီထိတော့... သူမ သည်းခံဖို့ စိတ်ကူးရှိပုံမပေါ်ပါ... ...
ဘယ်လိုပြောလိုက်တယ်. ခင်း... ခင်းနော် ပန်းကို အရူး မလုပ်နဲ့...
ဟာ.. ဆောရီး... ကိုယ်နောက်နေတာမဟုတ်ဘူး...တကယ် ကောင်မလေးနဲ့ လာတာ..နာမည်ကိုက ကောင်မလေး တဲ့...ကိုယ့်ညီမ ဝမ်းကွဲလေ... မနေ့ကမှရောက်တာ... ခဏနော် ဟိုဘက်မှာ တစ်ယောက်တည်း ထားခဲ့တာမို့လို့...
ဒေါသမျက်နှာဖြင့် ပန်းရောင်ကို သူ ကျောခိုင်းထွက်ခဲ့မိသည်... ...


ပြန်ရောက်တော့ ကောင်မလေး ကို...သူထားခဲ့သည့်နေရာမှာပင် ရပ်နေတာ မြင်လိုက်ရသည်.. လှည်းထဲမှာလည်း အင်္ကျီ တစ်ထည်မှ မရှိသေး...
ဟင်...အဲဒါ ဘာရပ်လုပ်နေ တာလဲ...
ကိုကိုလေးကို စောင့်နေတာ...
ဟာ...မင်းကို ကြိုက်တာ အကျႌ ရွေးထည့်လို့ ငါပြော ခဲ့တာပဲ...
ကောင်မလေးမှာ ပိုက်ဆံမှ မရှိတာ.. အင်္ကျီတွေယူထည့် လိုက်ရင် သူခိုးလို့ ပြောကြမှာပေါ့..
သေပါတော့ကွာ... ဟူး...


သန်း သူကိုယ်တိုင်ပဲ အင်္ကျီတွေ စကတ်တွေ လျှောက်ဖြတ် လက်ကိုင်အိတ် ဖိနပ် ထီးက အစ တွေ့ရာ ဆွဲထည့် ပစ်သည်.. ဆိုက်တွေ ကိုက်တွေ ဘာမှ မတိုင်းမနေတော့... အတွင်းခံတွေကျတော့ သူ့ ဆွဲမချရဲ... ... ...
ကဲ...အဲဒီမှာ ကိုယ့်ဟာ ကိုယ်...တော်တာကိုင်ရွေး ဖိုးရင်...ငွေသွားရှင်းမယ်..
ကိုကိုလေး လိုက်ခဲ့ဦးလေ..
ဘာ...အဲဒီမှာ လာသေးလိုက်... ကဲ..
ဒေါက်
သန်း ဒေါသထွက်ကာ...ခေါင်းကို ခေါက်မိတော့သည် အရောင်းစာရေးမလေးတွေကလည်း ခိုးခိုးခစ်ခစ်ရယ်ကျန်တော့၏... ကောင်မလေးခများလည်း... ခေါင်းလေးကိုပွတ်ရင်း...မျက်ရည်တွေဝဲလို့ ...